# ပါစကားကာလ တတိယတနင်္ဂနွေနေ့

ရှင်လုကာ ၂၄း၁၃ - ၃၅

လူ့ဘဝမှာ ဘယ်လိုနေထိုင်ရင် ကောင်းမလဲ။ ဘုရားဆိုတာဘာလဲ။ ဘုရားက တကယ်ရော ရှိရဲ့လား။ ငါတို့ လူ့ဘဝက သေပြီးရင် ပြီးရောလား။ ဒီလို မေးခွန်းတွေကို စဉ်းစားမိကြမယ်၊ စိတ်ရှုပ်ထွေးကြမယ်။ ယနေ့ ဧဝံဂေလိကျမ်းစာထဲက ဧမောဦးရွာကို ခရီးသွားနေတဲ့ တပည့်တော် ၂ ပါးလို စိတ်ပျက်လက်ပျက် ဖြစ်နေမယ်။ ဒါပေမဲ့ သူတို့နဲ့အတူ ယေဇူးဘုရားရှင် ပါဝင်လာတဲ့အခါ သူတို့ အဖြေထွက်သွားကြတယ်။ သူတို့ ဘဝကို သူတို့ ကောင်းကောင်းနားလည်သွားတော့တယ်။ တရားပေါက်သွားကြတော့တယ်။ ဘုရားကို မသိသေးခင်မှာတော့ စိတ်ရှုပ်ထွေးနေမယ်။ ဒါပေမဲ့ ဘုရားကိုယ်တော်တိုင်နဲ့ ပေါင်းလိုက်ရင် အားလုံးရှင်းသွားမယ်။ ပြေလည်သွားလိမ့်မယ်။

ဒီလိုပဲ ယခုခေတ်မှာ ခရစ်ယာန်တရားက သွန်သင်ချက်တွေကို နားလည်မှုလွဲကြတာတွေ ဖြစ်နေတယ်။ သူတို့က ခရစ်ယာန်တွေရဲ့ လူသားချင်းစာနာတဲ့အကူအညီတွေကိုတော့ ရယူကြတယ်၊ ခရစ်တော်ကိုတော့ မယုံကြည်ကြပါဘူး။ ခရစ်ယာန်ကျောင်းတွေမှာ ပညာရေးအကူအညီတွေကိုတော့ ရယူပြီး ခရစ်တော်ကိုတော့ မယုံကြည်ကြပါဘူး။ ခရစ်ယာန် ဆေးရုံတွေမှာ ကျန်းမာရေးအကူအညီတွေတော့ ရယူပြီး ယေဇူးဘုရားရှင်ကိုတော့ လက်မခံကြပါဘူး။ ဒါကြောင့် ယနေ့အထိ ခရစ်ယာန်ဘာသာက ညှင်းပန်းနှိပ်စက် ခံနေရတုံးပါပဲ။

ကျနော်တို့ ခရစ်ယာန်တွေဘက်ကတော့ ကားတိုင်ပေါ်က သခင်ယေဇူးလို “အိုအဖ၊ သူတို့လုပ်တာတွေ သူတို့ မသိကြတဲ့အတွက်ကြောင့် သူတို့ကို ခွင့်လွှတ်တော်မူပါ” လို့ပဲ ဆုတောင်းပေးရမှာပါ။ တကယ်တမ်းတော့ သခင်ယေဇူးက လူတွေကို

ကောင်းစေချင်လို့ ဒီလောကထဲကို ဆင်းကြွလာတာပါ။ သူဟောပြောတဲ့တရားက ကောင်းတယ်၊ မှန်တယ်၊ တရားတယ်။ ဒါပေမဲ့ လူတွေက သူရဲ့တရားတော်ကို လိုက်နာဖို့ထက် ကိုယ်ကြိုက်ရာကိုယ် လုပ်ချင်ကြတယ်။ ကိုယ်တစ်ယောက်တည်းရဲ့အတွေးအခေါ်အတိုင်းပဲ နေချင်ကြတယ်။ ဒါကြောင့် သူတို့က "ခရစ်ယာန်တရားတော်ဟာ ငါတို့ရဲ့ လွတ်လပ်စွာ နေချင်သလိုနေထိုင်ခွင့်ကို ပိတ်ပင်တားမြစ်နေတယ်၊ ငါတို့ လွတ်လပ်ခွင့်ကို ထိပါးလာတယ်" လို့ပဲ မြင်နေကြတယ်။ မဟုတ်ရပါဘူး။ ခရစ်ယာန်တရားတော်က လူတွေကို ဘုရားအတွက် လွတ်လပ်စေဖို့ လုပ်ပေးနေတာပါ၊ ပြောချင်တာက ခရစ်ယာန်တရားတော်က လူတွေကို ဘုရားရဲ့တရားတော်အတိုင်း လွတ်လွတ်လပ်လပ်( ဒေါသ မောဟ လောဘကင်းကင်း) နဲ့ နေနိုင်အောင် လုပ်ပေးနေတာပါ။ ကမ္ဘာလောကလူတွေကတော့ တစ်ကိုယ်ကောင်းစိတ်နဲ့ပဲ ကိုယ့်အကြိုက်ကိုယ်ပဲ နေချင်ကြတယ်၊ ဘာမျှ ပိတ်ပင် မတားဆီးနဲ့၊ မကြိုက်ဘူး။

လွတ်လပ်တယ်ဆိုတာ အများကောင်းကျိုးကို လုပ်ဖို့ လွတ်လွတ်လပ်လပ် ဖြစ်ရမယ်။ အားနည်းတဲ့သူ/အပြစ်မဲ့တဲ့သူ/ မတရားခံနေရသူတွေရဲ့ အခွင့်အရေးအတွက် လွတ်လွတ်လပ်လပ် ရပ်တည်ရမယ်။ အပြစ်မဲ့တဲ့ ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်နိုင်ဖို့ လွတ်လွတ်လပ်လပ် လုပ်နိုင်ရမယ်။ မိသားစုတွေ ကောင်းကျိုး၊ အပြစ်မဲ့ကလေးတွေ ကောင်းကျိုးကို လုပ်ပေးနိုင်ဖို့ လွတ်လပ်ရမယ်။ ဒါတွေကို နားလည်သဘောပေါက်ဖို့ လိုတယ်။ ကျနော်တို့ အားကိုးနေတဲ့ ခေတ်ပညာတွေနဲ့လည်း ဒါတွေကို နားလည်နိုင်မှာ မဟုတ်ဘူး။ လူ့ဘဝကိုက နက်နဲတယ်၊ နားလည်ဖို့ ခက်တယ်။ မခက်ဘူးလား/ခက်သလား ကျနော် မေးပြမယ်၊ ကျနော်တို့ ဘယ်ကနေ လူ့လောကထဲကို ရောက်လာကြတာလဲ၊ ဖြေစမ်း။ လောကမှာ

ဘယ်လိုကျင့်ကြံနေထိုင်ရမလဲ ဖြေစမ်း။ ဒီလောကမှာ ကျနော်တို့ သေပြီးရင် နောက်ဘဝမှာ ဘယ်ရောက်မှာလဲ ဖြေစမ်း။ ဒါကြောင့် ခေတ်ပညာတတ်ရုံနဲ့ မဖြေနိုင်ပါဘူး။ ဘုရားက ထုတ်ဖော်ပြတဲ့တရားတော်နဲ့မှ ဖြေနိုင်မှာပါ၊ နားလည်နိုင်မှာပါ။

သခင်ယေဇူးက ကိုယ်တော်မြတ်စက္ကရမင်တူးအကြောင်း သင်ပေးတုံးက "သင်တို့သည် ငါ၏အသား၊ ငါ၏အသွေးကို မသောက်မစားလျှင် သင်တို့၌ အသက်မရှိနိုင်ရာ" တဲ့။ ဒါကို လူတွေက နားမလည်နိုင်ကြတဲ့အခါ သခင်ယေဇူးထံမှ ထွက်ခွါသွားကြတယ် မဟုတ်ဘူးလား။ ဒါပေမဲ့လည်း တပည့်တော်တွေကတော့ ထွက်ခွါမသွားကြပါဘူး။ ဘာလို့လဲဆိုတော့ သခင်ယေဇူး၌သာ အသက်ပေးတဲ့တရားရှိပါတယ်ဆိုတာ သူတို့ သိကြလို့ပါပဲ။ အဲလို ဘုရားက ထုတ်ဖော်ပြတာတွေကို သိခွင့်ရတာက ကိုယ့် ဉာဏ်အစွမ်းကြောင့် မဟုတ်ဘူး တဲ့ ယေဇူးဘုရားရှင်က ရှင်ပေတရုးကို အခုလို မိန့်တော်မူတယ် "ယောန၏သား စီမုန် သင်သည် မင်္ဂလာရှိ၏။ အကြောင်းမူကား ဤအရာကို သင့်အား အသွေးအသားကဖော်ပြခြင်းမဟုတ်ပဲ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ၏ခမည်းတော်က ဖော်ပြခြင်းသာဖြစ်၏။" (မာတေဦး ၁၆း၁၇)

လူတွေက ယေဇူးဘုရားရှင်ရဲ့တရားတော်တွေကို နားလည်ဖို့ ခက်နေကြတာက သူတို့က ဘုရားနဲ့မှ မပေါင်းတာပဲ။ ဘုရားနဲ့သာ ပေါင်းကြည့် အကုန်နားလည်သွားလိမ့်မယ်။ ဟုတ်တယ်လေ။ အဝေးကနေပြီး အကဲခတ်နေမည့်အစား ကာယကံရှင်နဲ့ လာပေါင်းကြည့်လိုက်ပါလား။ ဒါမှ သူ့အကြောင်းကို ကောင်းကောင်း သိမှာပေါ့။ ဘုရားနဲ့ ပေါင်းကြည့်၊ ချစ်ကြည့်၊ အဲ့လို နှလုံးသားကိစ္စ ပါလာမှ ကိုယ့်ဝိညာဉ်ရေးက တိုးတက်လာမှာပါ။ ဧမောဦးရွာသို့ စိတ်ပျက်လက်ပျက်နဲ့ ခရီးသွားနေကြတဲ့ တပည့်တော်ကြီး ၂ပါးရဲ့

အရင်ဖြစ်ရပ်နဲ့ နောက်ဖြစ်ရပ် အများကြီး ကွာခြားသွားသလိုပါပဲ။ လမ်းခရီးမှာ သခင်ယေရှု မပါဝင်တုံးက သူတို့ စိတ်ပျက်လက်ပျက် နဲ့ ဘဝခရီးကို လျှောက်ခဲ့ကြတယ်။ သခင်ယေရှု ပါဝင်လာတဲ့နောက်ပိုင်း ဝမ်းမြောက်ဝမ်းသာစွာနဲ့ အမြန်ပြေးလွှားပြီး သတင်းကောင်း ပြောကြားကြပါတော့တယ်။

ကျနော်တို့လည်း ရှင်ပြန်ထမြောက်တဲ့ယေရှုဘုရားရှင်နဲ့ပေါင်းပါ။ အတူလျှောက်ပါ။ သူတို့လိုပဲ ဝမ်းမြောက်ဝမ်းသာတဲ့ အသက်တာနဲ့အတူ သက်သေခံနိုင်ကြပါလိမ့်မယ်။ နားဆင်သူအားလုံးအပေါ် ဘုရားသခင့်ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။